# ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေးလှုပ်ရှားမှု ပူးပေါင်းအဖွဲ့
# Coalition on the Movement for the Telecommunications Law Reform and Art.66D Abolishment

mmtelecomlaw@lists.riseup.net

## ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) မလိုသည့် အချက်များ

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး ပုဒ်မ ၆၆ (ဃ) အား ဆက်လက်ထားရှိရန် လိုသည် ဆိုသည့် သို့မဟုတ် နည်းနည်းသာ ပြင်ရန်လိုသည်ဆိုသည့် သဘောထားများကိုလေ့လာရာတွင် အောက်ပါ ၁၂ ချက်မှာ အများစုပေးသည့် အကြောင်းပြချက်များဖြစ်သည်။ ယင်းအချက်များအပေါ် ကျွန်ုပ်တို့ **"ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေး လှုပ်ရှားမှုပူးပေါင်းအဖွဲ့"** က တုန့်ပြန်ကာ ပုဒ်မ ၆၆ (ဃ)အား အပြီးပယ်ဖျက်ရန် တောင်းဆိုရသည့် အကြောင်းများကို အောက်တွင်ဖတ်ရှုနိုင်ပါသည်။

**အကြောင်းပြချက်-၁။ "အွန်လိုင်းတွင် "hate speech" အမုန်းစကားပြောဆိုမှုတွေကို တားဆီးရန် "**

ပုဒ်မ ၆၆ (ဃ)ပါ ဖွင့်ဆိုချက်ကို ကြည့်လျှင် "ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီး ကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောက်ယှက်ခြင်း၊ မလျော်ဩဇာ သုံးခြင်းသို့မဟုတ် ခြိမ်းခြောက်ခြင်း"ဟု ပါရှိရာ Hate Speech ခေါ်သည့် အမုန်းစကားပြောဆိုခြင်းကို အရေးယူနိုင်သည့် ပုဒ်မတစ်ရပ် မဟုတ်ပေ။ ထိုအပြင် လက်ရှိ ၆၆ (ဃ) ကို အသုံးပြု၍ အရေးယူထားသော ၇၀ မှု (ဖွန်လ ၂၃ ရက်နေ့စာရင်းအရ)တွင်လည်း အမုန်းစကားပြောဆိုခြင်းကြောင့် တရားစွဲဆိုခံရသည့်အမှု တစ်မှုမျှ မပါဝင်သည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ ပုဒ်မ ၆၆ (ဃ)ကို အမုန်းစကား ပြောကြားမှုများအား တားဆီးရန် ထားရှိသည်ဆိုသည့် အကြောင်းပြချက်မှာ ကြောင်းကျိုး ခိုင်လုံခြင်းမရှိပါ။

**အကြောင်းပြချက်-၂။ "အွန်လိုင်းပေါ်တွင် အသရေဖျက်ခြင်း၊ ဆဲဆိုခြင်း၊ အနှောင့်အယှက်ပြုခြင်း အပါအဝင် တစ်ဦးက တစ်ဦးကို နစ်နာစေရန် အထိန်းအကွပ်မဲ့ ပြောဆိုမှုများကို တားဆီးရန်"**

ပုဒ်မ ၆၆ (ဃ) တွင် ဖော်ပြထားသောပြစ်မှုများသည် မြန်မာနိုင်ငံရှိရာဇသတ်ကြီးနှင့် အခြားဥပဒေများရှိ ပုဒ်မများတွင် လုံလောက်စွာပါဝင်ထားပြီးဖြစ်သည်။ ရာဇသတ်ကြီးအပါအဝင် အခြားဥပဒေပုဒ်မများတွင် ပုဒ်မများက အွန်လိုင်းပေါ်တွင် ဖြစ်ပွားသောကိစ္စများကို အရေးမယူရဟု ကန့်သတ်ထားခြင်းမရှိသည့်အတွက် ယင်းဥပဒေများကို အသုံးပြုခွင့် ရှိနေပါသည်။ သို့ဖြစ်ရာ ဆက်သွယ်ရေးဥပဒေတွင် ပုဒ်မ ၆၆ (ဃ) ထားရှိရန် မလိုအပ်ပါ။

- ရာဇသတ်ကြီး
  - ခြောက်လှန့်တောင်းယူမှု (ရာဇသတ်ကြီး ပုဒ်မ ၃၈၃ မှ ၃၈၉ အထိ)
  - အနိုင်အထက်ပြုခြင်း၊ အကျပ်ကိုင်ခြင်း – (ရာဇသတ်ကြီး ပုဒ်မ ၁၄၇၊ ၃၄၉၊ ၃၅၀၊ ၃၆၂)
  - မတရားချုပ်နှောင်ခြင်း (ရာဇသတ်ကြီး ပုဒ်မ ၃၄၀၊ ၃၄၁)
  - အသရေဖျက်မှု (ရာဇသတ်ကြီး ပုဒ်မ ၄၉၉ -၅၀၁)
  - နှောင့်ယှက်ခြင်း (ရာဇသတ်ကြီး ပုဒ်မ ၂၆၈)
  - ခြိမ်းခြောက်ခြင်း (ရာဇသတ်ကြီး ပုဒ်မ ၁၈၉၊ ၁၈၈၊ ၅၀၃)
- ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ခဲ့သည်(သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၇၃) ၁၈၇၂ သက်သေခံအက်ဥပဒေသည် ရာဇသတ်ကြီးတွင် ဖော်ပြထားသော ပြစ်မှုများအတွက် သက်သေခံအနေဖြင့် တယ်လီဖုန်းဆက်သွယ်ရေးဆိုင်ရာ "documents" များကို ပြည့်စုံစွာဖော်ပြထားသည်။ သက်သေခံအက်ဥပဒေပြင်ဆင်သည့် ပုဒ်မ ၃ အရ "documents" ဆိုသည့် စကားရပ် အဓိပ္ပါယ်ဖွင့်ဆိုချက်၏ နောက်တွင် "electronic record and information are included" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ထားပြီးဖြစ်သည်။

> "any matter expressed or described upon any substance by means of letters, figures or marks, or by more than on of those means, intended to be used, or which may be used, for the purpose of recording that matter."

အောက်ပါအချက်တွင်လည်း ရှင်းလင်းချက်ဖော်ပြထားသည်။

> (4) any disc, tape, sound-track or other device in which sounds or other data (not being visual images) are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom; (7) Any record generated, sent, received or stored by means of electronic, magnetic, optical or any other similar technologies in an information system or for transmission from one information system to another.

**အကြောင်းပြချက်-၃။ "အွန်လိုင်းအသုံးပြု၍ ခြိမ်းခြောက်ခြင်းငွေတောင်းခံခြင်းကို တားဆီးရန်"**

အထက်တွင်ဖော်ပြထားသည့်အတိုင်း ခြောက်လှန့်တောင်းယူမှုအတွက် ရာဇသတ်ကြီးတွင် ပုဒ်မ ၃၈၃ မှ ၃၈၉ အထိ ဖော်ပြထားပြီး ခြိမ်းခြောက်ခြင်းအတွက် ရာဇသတ်ကြီးတွင် ပုဒ်မ ၁၈၉၊ ၃၈၈၊ ၅၀၃ တို့တွင် ပြဋ္ဌာန်း ကာကွယ်ထားပြီး ဖြစ်ပါသဖြင့် ဆက်သွယ်ရေးဥပဒေတွင် ပုဒ်မ ၆၆ (ဃ) ထားရှိရန် မလိုအပ်ပါ။

**အကြောင်းပြချက်-၄။ "အွန်လိုင်းပေါ်တွင် အသရေဖျက်ပြောဆိုခြင်းသည် ပျံ့နှံ့မှုအားကောင်းသောကြောင့်"**

အသရေဖျက်မှုဆိုင်ရာ ပြောဆိုမှုများသည် အွန်လိုင်းပေါ်တွင် ပျံ့နှံ့မှုအားကောင်းသည်မှာ ငြင်းဆိုနိုင်ခြင်း မရှိသော်လည်း၊ အွန်လိုင်း၏သဘောသဘာဝအရ တမုဟုတ်ခြင်း ပြန်လည်ဖြေရှင်းနိုင်သည့် တူညီသော ပလက်ဖောင်းတစ်ခု ပေးအပ်ထားပြီး ဖြစ်သည်။ ထို့ပြင် တရားစွဲဆိုမှုများပြုလုပ်လိုပါက ရာဇသတ်ကြီးနှင့် ၂၀၁၅ ခုနှစ်က ပြင်ဆင်သည့် သက်သေခံအက်ဥပဒေတွင် အွန်လိုင်းတွင်ဖြစ်ပွားသည့် အဆိုပါပြစ်မှုများနှင့် သက်ဆိုင်သည့် ပုဒ်မများ ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ပုဒ်မ ၆၆ (ဃ) ထားရှိရန် မလိုအပ်ပါ။

**အကြောင်းပြချက်-၅။ "ပုဒ်မ ၆၆ (ဃ)သည် အွန်လိုင်းတွင် ရေးသားပြောဆိုသူအား လွယ်ကူမြန်ဆန်စွာ "အသရေဖျက်မှု" ဖြင့် တရားစွဲကာ ထောင်ထဲထည့်နိုင်ခြင်း (ရာဇဝတ်မှု ပြစ်ဒဏ်ပေးနိုင်ခြင်း)"**

ပုဒ်မ ၆၆ (ဃ)ဖြင့် တရားစွဲသည့်အမှုများအား ရဲအရေးပိုင်မှုအဖြစ်သတ်မှတ်ကာ စွတ်စွဲခံရသူအား ချက်ချင်း ဖမ်းဆီးနိုင်ခြင်း၊ ရာဇဝတ်မှုဟုသတ်မှတ်ခြင်း၊ အလိုလျောက် အာမခံမရနိုင်ခြင်းတို့ကို တွေ့ရသည်။ သို့ရာတွင် မတရားစွပ်စွဲခံရသူကို တရားဥပဒေအရ ပြန်လည်ကုစားပေးခြင်းမရှိသည့်အတွက် နစ်နာမှုများလည်း တွေ့ရှိရသည်။ ယင်းအချက်များကပင်လျှင် ပုဒ်မ ၆၆ (ဃ)သည် - နိုင်ငံတကာမှ ကောင်းသော အလေ့အထများနှင့် ကိုက်ညီမှုမရှိခြင်းနှင့် ရာဇဝတ်မှုဆိုင်ရာအခြေခံဥပဒေမူများနှင့်ပါ ဆန့်ကျင်နေခြင်းကြောင့် ပြည်သူလူထု၏ ဘဝလုံခြုံမှုကိုထိခိုက်ကာ တရားဥပဒေစိုးမိုးရေးကိုပါ အားနည်းစေသည်။

- ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် ၁၀၂ကြိမ်မြောက် အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် General Comment 34 - Freedom of Expression အရ နိုင်ငံတကာကလက်ခံထားသည့် အလေ့အထကောင်းများကို ကြည့်လျှင်လည်း အသရေဖျက်မှုအား ရာဇဝတ်မှုမြောက်သည့်အမှုမျိုး မဟုတ်သည်ကို တွေ့ရသည်။ မည်သည့် အသရေဖျက်မှုမျိုးကိုမဆို အဆိုးဝါးဆုံးသော အမှုမျိုးတွင်သာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ဖြင့်

အရေးယူမှုမျိုးကို စဉ်းစားသင့်သည်ဖြစ်ရာ အသရေဖျက်မှုကို ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထောင်ဒဏ်အပြစ်ပေးခြင်းတို့သည် မည့်သို့မျှသင့်လျော်ခြင်းမရှိပေ။

- ❖ ပြစ်မှုကျူးလွန်ပါက ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များချမှတ် အပြစ်ပေးနိုင်သည်ဟုဆိုသော်ငြား ဥပဒေတွင် "ရည်ရွယ်လုပ်ဆောင်ခြင်း" ကို ပြဆိုနိုင်သည့် အကြောင်းအရာမျိုး ထည့်သွင်းထားခြင်း မရှိရာ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)သည်လည်း ရာဇဝတ်မှုဆိုင်ရာအခြေခံဥပဒေမူများနှင့် ကိုက်ညီမှုမရှိပေ။

- ❖ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ရှင်းလင်းတိကျမှုမရှိခြင်းနှင့် ဝေဝါးကျယ်ပြန့်လွန်းခြင်းတို့ကြောင့် ပုဒ်မ (၆၆) သည် နိုင်ငံတကာဥပဒေစံနှုန်းများနှင့် ကိုက်ညီမှုမရှိဘဲ ဥပဒေစိုးမိုးမှုကိုအားနည်းစေနိုင်သည်။ ဥပမာ "နှောက်ယှက်ခြင်း" သို့မဟုတ် "မလျော်သြဇာသုံးခြင်း" ကဲ့သို့သော စကားရပ်များသည် ကျယ်ပြန့်လွန်းပြီး အဓိပ္ပါယ်ရှင်းလင်းမှုမရှိရာ ဥပဒေပါအချက်ကို လိုရာဆွဲအနက်ဖွင့်ခြင်းနှင့် ယထာဘူတမကျသော အဓိပ္ပါယ်ဖွင့်ဆိုမှုမျိုးနှင့် အသုံးပြုမျိုးဖြစ်ပေါ်လာနိုင်စေပါသည်။ မည်သို့သော အကြောင်းအရာကို "နှောင့်ယှက်ခြင်း" အဖြစ် ဥပဒေအရ သတ်မှတ်မည် သို့မဟုတ် မည်သို့သော သြဇာသက်ရောက်မှုအား "မလျော်" ဆိုသည့် အနေအထားအဖြစ် သတ်မှတ်မည်ဆိုသည့် အရာများသည် ရှင်းလင်းခြင်းမရှိပေ။

**အကြောင်းပြချက်-၆။ "Cyber Crime တားဆီးပေးသည့် ဥပဒေ မရှိသေးခြင်းကြောင့်"**

ပုဒ်မ ၆၆ (ဃ) သည် Cyber Crime ကို ကာကွယ်အပြစ်ပေးသည့် အချက်များ မပါဝင်ပါ။ Cyber Crime အတွက် လိုအပ်သည့် ဥပဒေများအတွက် ရေးဆွဲပြဌာန်းနိုင်ပါသည်။ ထိုသို့ရေးဆွဲပြဌာန်းရာတွင်လည်း ပုဒ်မ ၆၆ (ဃ)ကဲ့သို့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားမှုများကို ထိခိုက်မှု မရှိစေဘဲ နိုင်ငံတကာက ကောင်းသောအလေ့အထများ၊ လူ့အခွင့်အရေးစံနှုန်းများ ကျင့်ထုံးများနှင့် ကိုက်ညီမှုရှိစေရန် ကျွမ်းကျင်သည့် ပညာရှင်များနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ကဏ္ဍအလိုက် သက်ဆိုင်သူ များနှင့် အဆင့်တိုင်းတွင် ဆွေးနွေးညှိနှိုင်းပွဲများကို လုံလောက်စွာ ဆောင်ရွက်ပြီးမှသာ ဥပဒေပြင်ဆင် ပြဌာန်းနိုင်ရေး လုပ်ဆောင်ရန် လိုအပ်ပါသည်။

**အကြောင်းပြချက်-၇။ "အွန်လိုင်းအသုံးပြုနေသူများသည် အွန်လိုင်းကို တာဝန်ယူမှုရှိစွာ အသုံးမပြုတတ် သေးသောကြောင့် ၆၆ (ဃ)လိုအပ်သည်"**

ပုဒ်မ ၆၆ (ဃ)ကဲ့သို့ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ကန့်သတ်သည့် ဥပဒေပြဌာန်း၍ အရေးယူခြင်းဖြင့် အွန်လိုင်းအသုံးပြုသူများသည် အွန်လိုင်းတွင် တာဝန်ယူမှုရှိစွာသုံးတတ်လာမည်မဟုတ်ပါ။ အွန်လိုင်းတွင် တာဝန်ယူမှုရှိစွာ သုံးတတ်လာစေရန် လူတိုင်းလက်လှမ်းမှီသည့် အင်တာနက်ဆက်သွယ်အသုံးပြုနိုင်မှု (Universal Service) ရရှိအောင် လုပ်ဆောင်မှုနှင့်အတူ လူထု၏ ဒစ်ဂျစ်တယ်စာတတ်မြောက်မှု (Digital Literacy) မြင့်မားလာစေရေး အစီအစဉ်များ ရေတို၊ ရေရှည်စီမံကိန်း ချမှတ်လုပ်ဆောင်ခြင်းကသာလျင် အွန်းလိုင်းအသုံးပြုသူများ ရင့်ကျက်မှုနှင့် တာဝန်ယူမှုရှိစွာ သုံးစွဲတတ်မှုကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

**အကြောင်းပြချက်-၈။ "မြန်မာအမျိုးသမီးများသည် အွန်လိုင်းပေါ်တွင် ကိုယ်ကိုယ့်ကိုယ် ကာကွယ်နိုင်မှု မရှိသောကြောင့် ၆၆ (ဃ) လိုအပ်သည်"**

mmtelecomlaw@lists.riseup.net

အဆိုပါအကြောင်းပြချက်သည် အခြေအမြစ်ရှိသောအကြောင်းပြချက်မဟုတ်ပါ။ အမျိုးသမီးများအတွက် ထိရောက်သော ကာကွယ်ပေးမှုဆိုသည်မှာ အမျိုးသမီးအခွင့်အရေးများကို အာမခံချက်ပေးသော နိုင်ငံတကာ သဘောတူညီချက်များကို လိုက်နာသင့်ပါသည်။ အမျိုးသမီးများကို အကာအကွယ်ပေးရန်ဆိုသည့်ထက် အမျိုးသမီးများ၏ ရပိုင်ခွင့်များကို လေးစားလိုက်နာရန်သာ လိုအပ်ပါသည်။

**အကြောင်းပြချက်-၉။ "နိုင်ငံခေါင်းဆောင်များ၊ တပ်မတော်နှင့် တပ်မတော်ခေါင်းဆောင်များကို ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်မှုများ၊ အသရေဖျက်မှုများကို အကာအကွယ်ပေးရန်အတွက် ၆၆ (ဃ) လိုအပ်သည်။"**

နိုင်ငံခေါင်းဆောင်များ၊ တပ်မတော်နှင့် တပ်မတော်ခေါင်းဆောင်များကို ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်မှုများ၊ အသရေဖျက်မှုများမှ ကာကွယ်ရန်ဖြင့် တရားစွဲဆိုခြင်းသည် နိုင်ငံတကာအလေ့အကျင့်ကောင်းများနှင့် ကိုက်ညီမှုမရှိခြင်း၊ ရာဇဝတ်မှုဆိုင်ရာ ဥပဒေအခြေခံမှုများနှင့်ပါ ဆန့်ကျင်နေသော ပုဒ်မ ၆၆ (ဃ)သုံး၍ အရေးယူမှုများသည် နိုင်ငံခေါင်းဆောင်နှင့် အကြီးအကဲများအား လွတ်လပ်စွာဝေဖန်ထောက်ပြ၊ အကြံပြုမှုကို အဟန့်အတားဖြစ်စေသည်။ သို့ဖြစ်ရာ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၏ အကျင့်ပျက်ခြစားမှု၊ မတရားမှုနှင့် အားနည်းချက်များအပေါ် ဝေဖန်ထောက်ပြမှုများကို ဟန့်တားရာရောက်ပြီး နိုင်ငံတော်၏တရားဥပဒေ စိုးမိုးရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းမှုကို ထိပါးရာရောက်ပါသည်။ ထို့အပြင် နိုင်ငံတကာ၏ ကျင့်သုံးနေပုံများကို လေ့လာလျှင်လည်း နိုင်ငံခေါင်းဆောင်များ၊ တပ်မတော်နှင့် တပ်မတော်ခေါင်းဆောင်များကို ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်မှုများ၊ အသရေဖျက်မှုများအပေါ် ဖမ်းဆီးအရေးယူမှုများသည် ဒီမိုကရေစစ်ဖြစ်ထွန်းသည့် နိုင်ငံများ၏ အစိုးရများကျင့်သုံးခြင်းမရှိဘဲ အာဏာရှင်အစိုးရများတွင်သာတွေ့ရသည့် အလေ့အထများဖြစ်ပါသည်။

**အကြောင်းပြချက်-၁၀။ "ဆူပူမှုနှင့်အကြမ်းဖက်မှုများ ဖြစ်စေရန် ဖြန့်ဖြူးနေသော ကောလဟာလများကို ကာကွယ်ရန် ၆၆ (ဃ) လိုအပ်သည်"**

၆၆(ဃ)တွင် ဖွင့်ဆိုထားသောဖွင့်ဆိုချက်များတွင် ဆူပူမှုဖြစ်စေရန်နှင့်ကောလဟာလများ ဖြန့်ဖြူးမှုများကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များ မပါဝင်ပါ။ ဆူပူအကြမ်းဖက်မှုများနှင့် ကောလဟာလများကို ကာကွယ်ရန် ပြဋ္ဌာန်းထားသော အခြားဥပဒေများရှိပြီး ဖြစ်ပါသည်။ ကောလဟာလများကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ သတင်းအချက်အလက်စီးဆင်းမှု (Rights to Information)ကို အစိုးရဘက်မှ မြန်ဆန်မှန်ကန်ကောင်းမွန်စွာ လုပ်ဆောင်ခြင်းဖြစ်ပါသည်။

**အကြောင်းပြချက်-၁၁။ "အွန်လိုင်းဆက်သွယ်ရေးကွန်ရက်ကို ထိန်းချုပ်ထားနိုင်ရန် ၆၆ (ဃ) လိုအပ်သည်။"**

လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ သတင်းအချက်အလက်ရယူဖြန့်ချိခွင့်များသည် ဒီမိုကရေစီအတွက် အလွန်အရေးပါသောအခြေခံအကြောင်းအရင်းတစ်ခုဖြစ်သောကြောင့် အစိုးရအနေဖြင့် အွန်လိုင်း လူမှုကွန်ရက်ကို ထိန်းချုပ်ရန်မလိုအပ်ပါ။ ပွင့်လင်းမြင်သာမှုကို လိုလားသောအစိုးရတိုင်းသည် လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာသတင်းအချက်အလက်ရယူဖြန့်ချိခွင့်ကို အား ပေး၍ ဟန့်တားမှု တစ်စုံတရာပြုလုပ်လေ့မရှိပါ။

**အကြောင်းပြချက်-၁၂။ "ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများကို ကာကွယ်ရန် ၆၆ (ဃ)လိုအပ်သည်။"**

ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုအတွက် ၆၆ (ဃ) လိုအပ်ခြင်းမရှိပါ။ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများကို ကာကွယ်ရန် ရာဇ သတ်ကြီးက ပြဋ္ဌာန်းပေးထားသော အသရေဖျက်မှု ပုဒ်မ ၄၉၉ မှ ၅၀၁ အထိ ရှိပါသည်။